# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# ဒုတိယဦးစီးမှူးရာထူး(၂၀၀)နေရာများအတွက်
# ရေးဖြေစာမေးပွဲကျင်းပမည့်နေ့ရက်ထုတ်ပြန်ခြင်း
# ၁၃၈၃ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
# (၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၉ ရက်)

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် ဒုတိယဦးစီးမှူး လစာနှုန်းကျပ်(၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး(၂၀၀)နေရာအတွက် လျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ၁၇-၈-၂၀၂၂ ရက်နေ့နှင့် ၇-၉-၂၀၂၂ ရက်နေ့ထုတ် မြန်မာ့အလင်းနှင့်ကြေးမုံ သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပြီးဖြစ်ပါသည်။

၂။ ဒုတိယဦးစီးမှူးရာထူး(၂၀၀)နေရာအတွက် အရည်အချင်းစစ်ရေးဖြေစာမေးပွဲအား လျှောက်ထားသူများ၏ လက်ရှိနေထိုင်သည့်လိပ်စာအလိုက် အောက်ဖော်ပြပါစာစစ်ဌာနများတွင် ဖြေဆိုရမည် ဖြစ်ပါသည်-

(က) **နေပြည်တော်စာစစ်ဌာန။** ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်မှ လျှောက်ထားသူများ။

(ခ) **မန္တလေးမြို့စာစစ်ဌာန။** ကချင်၊ ကယား၊ ချင်း၊ ရှမ်း ပြည်နယ်နှင့် စစ်ကိုင်း၊ မကွေး၊ မန္တလေး တိုင်းဒေသကြီးတို့မှ လျှောက်ထားသူများ။

(ဂ) **ရန်ကုန်မြို့စာစစ်ဌာန။** ကရင်၊ မွန်၊ ရခိုင် ပြည်နယ်နှင့် တနင်္သာရီ၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီ တိုင်းဒေသကြီးတို့မှ လျှောက်ထားသူများ။

၃။ ဒုတိယဦးစီးမှူးရာထူး(၂၀၀)နေရာအတွက် အရည်အချင်းစစ်ရေးဖြေစာမေးပွဲအား စာစစ်ဌာနအလိုက် သတ်မှတ်ထားသောနေရာများတွင် အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

(က) **ရေးဖြေစာမေးပွဲကျင်းပပြုလုပ်မည့်နေ့ရက်။** ၆-၁၁-၂၀၂၂ ရက်နေ့(စနေနေ့)

(ခ) **ဖြေဆိုရမည့်ဘာသာရပ်နှင့်အချိန်။** အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) မေးခွန်းလွှာ(၁)၊ မြန်မာစာဘာသာရပ် (နံနက် ၀၉:၀၀ မှ ၁၁:၀၀ နာရီထိ)

(၂) မေးခွန်းလွှာ(၂)၊ အင်္ဂလိပ်စာဘာသာရပ် (နေ့လည် ၁၂:၀၀ မှ ၁၄:၀၀ နာရီထိ)

(၃) မေးခွန်းလွှာ(၃)၊ အထွေထွေဗဟုသုတဘာသာရပ် (မွန်းလွဲ ၁၅:၀၀ မှ ၁၇:၀၀ နာရီထိ)

၄။ အရည်အချင်းစစ်ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများအား လျှောက်ထားသူကိုယ်တိုင် နိုင်ငံသားစိစစ်ရေး ကတ်ပြားမူရင်း၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မူရင်းနှင့် ဘွဲ့လက်မှတ်မူရင်းတို့ဖြင့် ၄-၁၁-၂၀၂၂ ရက်(ကြာသပတေးနေ့) နှင့် ၅-၁၁-၂၀၂၂ရက်(သောကြာနေ့)များတွင် ၀၉:၃၀ နာရီအချိန် မှ ၁၆:၃၀ နာရီအချိန်အတွင်း ဖြေဆိုမည့်စာစစ်ဌာနအလိုက် အောက်ဖော်ပြပါနေရာများတွင် လာရောက် ထုတ်ယူရမည်ဖြစ်ပါသည်-

(က) **နေပြည်တော်စာစစ်ဌာန။** ရုံးအမှတ်(၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်။

(ခ) **မန္တလေးမြို့စာစစ်ဌာန။** မန္တလေးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး၊ ၆၅လမ်း၊ (၂၂x၂၃)လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

(ဂ) **ရန်ကုန်မြို့စာစစ်ဌာန။** ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲ၊ အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

၅။ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၃၀၀၂၁၊ ၀၆၇-၃၄၃၀၀၂၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**